**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန**
**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့**
**ညွှန်ကြားချက်အမှတ်၊ ၄ / ၂၀၂၀**
**၁၃၈၂ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၆ ရက်**
**(၂၀၂၀ ပြည့်နှစ်၊ မေလ ၁၂ ရက်)**

**တစ်ဆင့်အာမခံဆိုင်ရာညွှန်ကြားချက်**

၁။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်ဥပဒေ ပုဒ်မ ၃၈ (ခ) အရ အပ်နှင်းထားသောလုပ်ပိုင်ခွင့်ကို ကျင့်သုံး၍ တစ်ဆင့်အာမခံဆိုင်ရာ ဤညွှန်ကြားချက်ကို ထုတ်ပြန်လိုက်သည်။

**အဓိပ္ပာယ်သတ်မှတ်ချက်များ**

၂။ ဤညွှန်ကြားချက်တွင် ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည်-

(က) **အာမခံအလုပ်လက်ခံသူ (Cedent)** ဆိုသည်မှာ အာမခံထားသူသို့ မူရင်းအာမခံ ပေါ်လစီထုတ်ပေးပြီး ယင်းအာမခံပေါ်လစီ၏ ဆုံးရှုံးနိုင်ခြေ တစ်စိတ်တစ်ပိုင်းကို တစ်ဆင့်အာမခံ ကုမ္ပဏီ သို့မဟုတ် ထပ်ဆင့်တစ်ဆင့်အာမခံထားရှိမည့် အာမခံ ကုမ္ပဏီသို့ လွှဲပြောင်းပေးသည့် အာမခံကုမ္ပဏီကို ဆိုသည်။

(ခ) **အာမခံအလုပ်အပ်နှံခြင်း (Cession)** ဆိုသည်မှာ အာမခံအလုပ်လက်ခံသူ (Cedent) သည် ထပ်ဆင့်တစ်ဆင့်အာမခံထားရှိမည့် တစ်ဆင့်အာမခံကုမ္ပဏီသို့ အာမခံ ပေါ်လစီ၏ ဆုံးရှုံးနိုင်ခြေ တစ်စိတ်တစ်ပိုင်းကို လွှဲပြောင်းအပ်နှံခြင်းကို ဆိုသည်။

(ဂ) **တစ်ဆင့်အာမခံလွှဲပြောင်းပေးခြင်း (Fronting)** ဆိုသည်မှာ မြန်မာနိုင်ငံရှိ အာမခံ ကုမ္ပဏီမှ ဆုံးရှုံးနိုင်ခြေအများစု သို့မဟုတ် အားလုံးကို တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် ထပ်ဆင့်တစ်ဆင့်အာမခံကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်းကို ဆိုသည်။

(ဃ) **စိတ်ကြိုက်ရွေးချယ်တစ်ဆင့်အာမခံ (Facultative Reinsurance)** ဆိုသည်မှာ အာမခံအလုပ်လက်ခံသူက ဆုံးရှုံးနိုင်ခြေပမာဏကြီးမားသော လုပ်ငန်းများကို စိတ် ကြိုက်ရွေးချယ်၍ တစ်ဆင့်အာမခံထားခြင်းကို ဆိုသည်။ စိတ်ကြိုက်ရွေးချယ် တစ်

ဆင့်အာမခံထားရာတွင် အာမခံအလုပ်လက်ခံသူနှင့် တစ်ဆင့်အာမခံကုမ္ပဏီတို့ အကြား ဆုံးရှုံးနိုင်ခြေပမာဏအလိုက် တာဝန်ယူရမည့်အချိုးကို ဖော်ပြရမည်။

(င) **စာချုပ်တစ်ဆင့်အာမခံ (Reinsurance Treaty)** ဆိုသည်မှာ အာမခံအလုပ်လက်ခံသူနှင့် တစ်ဆင့်အာမခံကုမ္ပဏီအကြား သတ်မှတ်ထားသည့် အာမခံအမျိုးအစားအလိုက် သို့မဟုတ် အာမခံအမျိုးအစားကဏ္ဍအလိုက် တစ်နှစ် သို့မဟုတ် တစ်နှစ်ထက်ပိုသည့်ကာလအတွက် တာဝန်ယူရမည့် အချိုးသတ်မှတ်ချက် ပါဝင်သော တစ်ဆင့်အာမခံစာချုပ် (Reinsurance Contract) ကို ဆိုသည်။

(စ) **ထပ်ဆင့်တစ်ဆင့်အာမခံကုမ္ပဏီ (Retrocessionaire)** ဆိုသည်မှာ အခြားသော တစ်ဆင့်အာမခံကုမ္ပဏီများတွင် အာမခံထားရှိသည့် တစ်ဆင့်အာမခံ ကုမ္ပဏီကိုဆိုသည်။

(ဆ) **ထပ်ဆင့်တစ်ဆင့်အာမခံလုပ်ငန်းလွှဲအပ်ခြင်း (Retrocession)** ဆိုသည်မှာ တစ်ဆင့်အာမခံကုမ္ပဏီက အာမခံအလုပ်လက်ခံထားသည့် အာမခံပေါ်လစီ၏ ဆုံးရှုံးနိုင်ခြေအားလုံး သို့မဟုတ် တစ်စိတ်တစ်ပိုင်းကို အခြားသော အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံကုမ္ပဏီသို့ လွှဲပြောင်းပေးခြင်းကိုဆိုသည်။

(ဇ) **တာဝန်ယူနိုင်သည့်ပမာဏ (Retention)** ဆိုသည်မှာ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံကုမ္ပဏီက တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေပမာဏကို ဆိုသည်။

(ဈ) အာမခံအမျိုးအစားကဏ္ဍ (Insurance Segment) မှာ အောက်ပါတို့ဖြစ်သည်-

(၁) မီးအာမခံ (ရေနံနှင့်သဘာဝဓါတ်ငွေ့အာမခံမပါ)၊

(၂) ရေယာဉ်ကိုယ်ထည်နှင့် ရေကြောင်းပို့ကုန်အာမခံ

(၃) အင်ဂျင်နီယာလုပ်ငန်းအာမခံ

(၄) လေကြောင်းအာမခံ

(၅) မော်တော်ယာဉ်အာမခံ

(၆) ကျန်းမာရေးအာမခံ

(၇) ကိုယ်အင်္ဂါထိခိုက်မှုအာမခံ

(၈) ခရီးသွားအာမခံ

(၉) စိုက်ပျိုးရေးအာမခံ

(၁၀) ရေနံနှင့်သဘာဝဓါတ်ငွေ့အာမခံ

(၁၁) ပေးရန်တာဝန်ရှိမှုအာမခံ

(၁၂) အသက်အာမခံနှင့်

(၁၃) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ခွင့်ပြုသော အခြား အာမခံအမျိုးအစားကဏ္ဍများ။

(ည) **အာမခံလက်ခံလွှာ (Cover Note)** ဆိုသည်မှာ တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံ အကျိုးဆောင်က တရားဝင်ထုတ်ပေးသည့် အာမခံပေါ်လစီ၏ စည်းကမ်းသတ်မှတ်ချက်များ ဖော်ပြထားသည့် စာရွက်စာတမ်းကို ဆိုသည်။

(ဋ) **တစ်ဆင့်အာမခံစလစ် (Reinsurance Slip)** ဆိုသည်မှာ တစ်ဆင့်အာမခံ အလုပ် လက်ခံရန် ကမ်းလှမ်းသည့် ဆုံးရှုံးနိုင်ခြေ အသေးစိတ်အချက်အလက်များနှင့် စည်းကမ်းသတ်မှတ်ချက်များ ပါဝင်သော စာရွက်စာတမ်းကိုဆိုသည်။

(ဌ) **တစ်ဆင့်အာမခံစာချုပ် (Reinsurance Contract)** ဆိုသည်မှာ တစ်ဆင့်အာမခံ စလစ် သို့မဟုတ် အာမခံလက်ခံလွှာ သို့မဟုတ် တစ်ဆင့်အာမခံပေါ်လစီပါ စည်းကမ်းသတ်မှတ်ချက်များ၊ အခွင့်အရေးများနှင့် စည်းမျဉ်းများ ပါဝင်သည့် ဥပဒေ အရ စည်းနှောင်ထားသည့် သဘောတူစာချုပ်ကို ဆိုလိုသည်။

(ဍ) **အာမခံကုမ္ပဏီ** ဆိုသည်မှာ မြန်မာနိုင်ငံတွင် အာမခံလုပ်ငန်း သို့မဟုတ် တစ်ဆင့် အာမခံလုပ်ငန်း သို့မဟုတ် အာမခံလုပ်ငန်းနှင့် တစ်ဆင့်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့် လိုင်စင်ရရှိထားသည့် အာမခံကုမ္ပဏီ သို့မဟုတ် ဖက်စပ်အာမခံကုမ္ပဏီကို ဆိုသည်။

(ဎ) **နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီ (Cross Border Reinsurer – CBR)** ဆိုသည်မှာ မြန်မာနိုင်ငံရှိ လိုင်စင်ရ အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားတစ်ဆင့်အာမခံကုမ္ပဏီရုံးခွဲများနှင့် တစ်ဆင့်အာမခံလုပ်ငန်း ကို ဆက်သွယ်လုပ်ကိုင်လျှက်ရှိသည့် မြန်မာနိုင်ငံပြင်ပရှိ တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် ရုံးစိုက်ရာနိုင်ငံမှ တစ်ဆင့်အာမခံလုပ်ငန်း လုပ်ကိုင်ခွင့်လိုင်စင် ရရှိထား သော အာမခံကုမ္ပဏီကို ဆိုသည်။

(ဏ) **တစ်ဆင့်အာမခံကုမ္ပဏီ (Reinsurer)** ဆိုသည်မှာ မြန်မာနိုင်ငံရှိ လိုင်စင်ရ ဖက်စပ်တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် နိုင်ငံသား/ နိုင်ငံခြားသား ရာနှုန်းပြည့် ပိုင်ဆိုင်သည့် တစ်ဆင့်အာမခံကုမ္ပဏီ သို့မဟုတ် နိုင်ငံခြားတစ်ဆင့်အာမခံ ကုမ္ပဏီရုံးခွဲကို ဆိုသည်။

(တ) **စုပေါင်းထည့်ဝင်အာမခံလုပ်ငန်း (Insurance Pool)** ဆိုသည်မှာ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံကုမ္ပဏီများက စုပေါင်းထည့်ဝင်၍ အာမခံလက်ခံခြင်း သို့မဟုတ် တစ်ဆင့်အာမခံလက်ခံခြင်း ပြုလုပ်သည့် လုပ်ငန်းကို ဆိုသည်။

**ရည်ရွယ်ချက်**

၃။ ဤညွှန်ကြားချက်၏ ရည်ရွယ်ချက်မှာ အောက်ပါအတိုင်း ဖြစ်သည်-

(က) ဆုံးရှုံးနိုင်ချေကို သင့်တင့်မျှတစွာ ခွဲဝေပေးနိုင်ရေးအတွက် နိုင်ငံအတွင်းရှိ အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီများအလိုက် တာဝန်ယူနိုင်သည့် အများဆုံးပမာဏသတ်မှတ်ရန်၊

(ခ) အာမခံပေါ်လစီရှင်များ၏ အကျိုးစီးပွားကို ကာကွယ်ရန်အတွက် ထပ်ဆင့်တစ်ဆင့်အာမခံအလုပ်လက်ခံသူထံမှ သင့်လျော်သော ပရီမီယံနှုန်းထားဖြင့် အကောင်းဆုံးသော တစ်ဆင့်အာမခံအကာအကွယ်ရရှိစေရန်၊

(ဂ) တစ်ဆင့်အာမခံနည်းပညာနှင့် ဘဏ္ဍာရေးစွမ်းဆောင်ရည် ပြည့်ဝစေရန်။

(ဃ) လွယ်ကူရှင်းလင်းသည့် တစ်ဆင့်အာမခံလုပ်ငန်းစဉ်များ ဖြစ်ပေါ်စေရန်။

**မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏ (Compulsory Retention)**

၄။ မြန်မာနိုင်ငံရှိ လိုင်စင်ရအာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီများသည်-

(က) မိမိ၏ ဘဏ္ဍာရေးခိုင်မာမှု၊ အာမခံလုပ်ငန်းပမာဏနှင့် ဆုံးရှုံးနိုင်ခြေရှိမှုအပေါ် မူတည်၍ မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏကို သတ်မှတ်ရမည်။

(ခ) အာမခံအမျိုးအစားကဏ္ဍ တစ်ခုချင်းအတွက် သင့်လျော်သော မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေ ပမာဏအစီအစဉ် ရေးဆွဲထားရမည်။ အကယ်၍ အာမခံအမျိုးအစားကဏ္ဍတစ်ခုတွင် အာမခံအမျိုးအစားတစ်ခုထက် ပို၍ပါဝင်ပါက အာမခံအမျိုးအစား တစ်ခုချင်းအလိုက် တာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏ သီးခြားအစီအစဉ် ရေးဆွဲထားရမည်။

(ဂ) နိုင်ငံပြင်ပ တစ်ဆင့်အာမခံကုမ္ပဏီများသို့ တစ်ဆင့်အာမခံလွှဲပြောင်းပေးခြင်း (Fronting) မပြုရ။

၅။ အသက်အာမခံလုပ်ငန်း ဆောင်ရွက်သည့် အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီ သည် အနည်းဆုံးသော မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏကို အသက်အာမခံအုပ်စု တစ်ခုစီ (life insurance portfolio) အတွက် စုစုပေါင်း ဆုံးရှုံးနိုင်ခြေပမာဏ၏ ၂၀ % သတ်မှတ်ရမည်။

၆။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီများမှ မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏအစီအစဉ်ချမှတ်ရာတွင် စာပိုဒ် (၁၈) ပါ နိုင်ငံ့ပြင်ပ တစ်ဆင့်အာမခံကုမ္ပဏီများအတွက် မြီရှင်အဆင့်သတ်မှတ်ချက်နှင့် မဖြစ်မနေ အာမခံအလုပ် အပ်နှံခြင်းကန့်သတ်ချက်တို့နှင့်အညီ ဆောင်ရွက်စေရန်နှင့် တစ်ဆင့်အာမခံလုပ်ငန်းစဉ်ကို အကောင်အထည်ဖော်နိုင်ရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။

**တစ်ဆင့်အာမခံထားရှိမှုအစီအစဉ်**

၇။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီများသည်-

(က) ဘဏ္ဍာရေးနှစ်အလိုက် တစ်ဆင့်အာမခံစီမံချက်ကို ရေးဆွဲထားရမည်၊

(ခ) ဘဏ္ဍာရေးနှစ်မစတင်မီ ရက်ပေါင်း (၉၀) အတွင်း နောင်လာမည့် ဘဏ္ဍာရေးနှစ်အတွက် မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏအစီအစဉ်နှင့်အတူ ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုထားသည့် တစ်ဆင့်အာမခံ စီမံချက်ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံသို့ တင်ပြရမည်၊

(ဂ) ဘဏ္ဍာရေးနှစ် စတင်ပြီးနောက် ရက်ပေါင်း (၃၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံသို့ အောက်ဖော်ပြပါအချက်အလက်များကို ပေးပို့ရမည်-

(၁) ပြောင်းလဲမှုတစ်စုံတစ်ရာ မရှိပါကြောင်း ဝန်ခံကတိပြုချက်ပါဝင်သော ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုပေးထားသည့် တစ်ဆင့်အာမခံစီမံချက်၊

(၂) ယခင်ဘဏ္ဍာရေးနှစ်က အမှန်တကယ် ဆောင်ရွက်ထားသော အာမခံ အမျိုးအစားကဏ္ဍတစ်ခုစီအတွက် တစ်ဆင့်အာမခံထားရှိမှု အသေးစိတ်အစီအစဉ်။

(ဃ) ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့က အတည်ပြုထားပြီး တစ်ဆင့်အာမခံအစီအစဉ်ကို ပြောင်းလဲမှု သို့မဟုတ် ပြင်ဆင်ထားရှိမှုရှိပါက ပြင်ဆင်ချက်အပေါ် ဒါရိုက်တာဘုတ်အဖွဲ့၏ အကြောင်းပြချက်၊ အတည်ပြုချက်နှင့် ဆက်စပ်စာရွက်စာတမ်းများအား (၁၅) ရက်အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ တင်ပြရမည်။

၈။ ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့သည် တစ်ဆင့်အာမခံအစီအစဉ်နှင့် မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏအစီအစဉ်များရေးဆွဲရာတွင် အောက်ဖော်ပြပါအချက်များ ပါဝင်ရမည်–

(က) ဆက်စပ်စီးပွားရေးလုပ်ငန်းများအခြေအနေ (Related Businesses)၊

(ခ) တာဝန်ယူနိုင်သည့် ဆုံးရှုံးနိုင်ခြေရှိမှုများ (Overall risk appetite)၊

(ဂ) လိုအပ်သည့် တစ်ဆင့်အာမခံ အကာအကွယ် အတိုင်းအဆ (Extent of required reinsurance protection)၊

(ဃ) ဆုံးရှုံးနိုင်ခြေရှိမှုအဆင့် (Level of risk concentration)၊

(င) မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏ (Retention levels)၊

(စ) တစ်ဆင့်အာမခံထားရှိမှုပုံစံ (Type of reinsurance program) နှင့်

(ဆ) တစ်ဆင့်အာမခံထားရှိနိုင်မည့် နည်းလမ်းများ (Mechanism of reinsurance) ။

၉။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီ၏ တစ်ဆင့်အာမခံထားရှိမှု အစီအစဉ်တွင် အောက်ဖော်ပြပါ အချက်များ ပါဝင်ရမည်–

(က) အာမခံအမျိုးအစားကဏ္ဍရှိ အာမခံအမျိုးအစားတစ်ခုစီအတွက် မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏ သတ်မှတ်ချက်များ၊

(ခ) ယခင်နှစ်က ဆောင်ရွက်ခဲ့သည့် အာမခံအမျိုးအစားကဏ္ဍရှိ အာမခံအမျိုးအစားတစ်ခုစီအတွက် မဖြစ်မနေတာဝန်ယူရမည့် ပမာဏကန့်သတ်ချက်များနှင့်ဆက်စပ်သည့် ယခုအဆိုပြုမည့် မဖြစ်မနေတာဝန်ယူရမည့်ပမာဏ ကန့်သတ်ချက်များ၊

(ဂ) ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (၃) နှစ်စာ အာမခံအမျိုးအစားကဏ္ဍ အသီးသီး၏ မဖြစ်မနေတာဝန်ယူနိုင်သည့် ပမာဏအချိုး၊

(ဃ) ယခင်ဘဏ္ဍာရေးနှစ်က အာမခံအမျိုးအစားကဏ္ဍနှင့် အာမခံအမျိုးအစားအလိုက် ပရီမီယံဝင်ငွေနှင့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် ခန့်မှန်းပရီမီယံဝင်ငွေ၊

(င) အာမခံအမျိုးအစားကဏ္ဍအသီးသီးအတွက် အချိုးညီတစ်ဆင့်အာမခံအစီအစဉ် နှင့် အချိုးမညီတစ်ဆင့်အာမခံအစီအစဉ် (detailed proportional and non–proportional arrangements) တို့ပါဝင်သည့် တစ်ဆင့်အာမခံအစီအစဉ်၊ (ယင်း

တစ်ဆင့်အာမခံအစီအစဉ်တွင် စာချုပ်တစ်ဆင့်အာမခံချုပ်ဆိုသွားမည့်အခြေအနေ၊ မဖြစ်မနေတာဝန်ယူရမည့် ဆုံးရှုံးနိုင်ခြေပမာဏကန့်သတ်ချက်၊ ခန့်မှန်းပရီမီယံဝင်ငွေ၊ တစ်ဆင့်အာမခံကော်မရှင်၊ ဖြစ်ရပ်တစ်ခုစီအတွက် တာဝန်ယူနိုင်မှုပမာဏတို့ ပါဝင်ရမည်။)

(စ) အချိုးညီတစ်ဆင့်အာမခံအစီအစဉ် နှင့် အချိုးမညီတစ်ဆင့်အာမခံအစီအစဉ်တို့ဖြင့် အလုပ်အပ်နှံထားသော စုစုပေါင်းအလုပ်လက်ခံပရီမီယံ (Gross Written Premium) အပါအဝင် တစ်ဆင့်အာမခံထားရှိမှု ကုန်ကျစရိတ်၊ (တစ်ဆင့်အာမခံထားရှိမှု ကုန်ကျစရိတ်တွင် လာမည့်ဘဏ္ဍာရေးနှစ်အတွက် လျာထားကုန်ကျစရိတ်နှင့် လက်ရှိဘဏ္ဍာရေးနှစ်အပါအဝင် ပြီးခဲ့သည့် ဘဏ္ဍာရေးနှစ် (၃) နှစ်အတွက် ကုန်ကျစရိတ်များလည်း ပါဝင်ရမည်။)

(ဆ) မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီသည် ဘဏ္ဍာရေးနှစ် ကုန်ဆုံးပြီး ရက်ပေါင်း (၃၀) အတွင်း အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံသို့ အောက်ဖော်ပြပါ အချက်အလက်များ ပါဝင်သည့် တစ်ဆင့်အာမခံ နှစ်စဉ်အစီရင်ခံစာကို တင်ပြရမည်-

(၁) ပြီးခဲ့သည့်ဘဏ္ဍာနှစ်က လုပ်ဆောင်ခဲ့သည့် တစ်ဆင့်အာမခံအစီအစဉ်၊

(၂) ကုမ္ပဏီ၏ အာမခံသင်္ချာပညာရှင် လက်မှတ်ရေးထိုး အတည်ပြုထားသည့် တစ်ဆင့်အာမခံလုပ်ငန်းနှင့် သက်ဆိုင်သော ရန်ပုံငွေအသီးသီး၏ လျာထားတွက်ချက်မှုနှင့် ပမာဏများ။

**သဘာဝဘေးအန္တရာယ်ဆိုင်ရာတစ်ဆင့်အာမခံအကာအကွယ်(Catastrophic Risk Protection)**

၁၀။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီများသည် အောက်ပါတို့ကို ဆောင်ရွက်ရမည်-

(က) လုံလောက်သည့် သဘာဝဘေးအန္တရာယ်ဆိုင်ရာ တစ်ဆင့်အာမခံအကာအကွယ်အစီအစဉ်၊

(ခ) ကုမ္ပဏီ၏ ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုထားသည့် လာမည့်ဘဏ္ဍာရေးနှစ်အတွက် မြန်မာနိုင်ငံ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ အာမခံအကာအကွယ်စီမံချက်အပေါ် အခြေခံ၍ ရေးဆွဲထားသော သဘာဝဘေးအန္တရာယ်ဆိုင်ရာ တစ်ဆင့်အာမခံအကာအကွယ်အစီအစဉ်၊

(ဂ) တစ်ဆင့်အာမခံထားမည့် အစီအစဉ် တင်ပြချိန်တွင် သဘာဝဘေးအန္တရာယ် ဆိုင်ရာ တစ်ဆင့်အာမခံအကာအကွယ် အစီရင်ခံစာ အကျဉ်းချုပ်။

**မှတ်တမ်းထိန်းသိမ်းခြင်း**

၁၁။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီများသည် တစ်ဆင့်အာမခံစာချုပ်၊ မြီရှင်အဆင့် သတ်မှတ်ချက် (Credit Rating) ဖော်ပြထားသည့် တစ်ဆင့်အာမခံကုမ္ပဏီများစာရင်း၊ အချိုးညီနှင့် အချိုးမညီ တစ်ဆင့်အာမခံအစီအစဉ်ရှိ ရှယ်ယာ (Share) များ၏ အီလက်ထရောနစ်မိတ္တူများ (Electronic Copies) ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံသို့ တင်ပြရမည့်အပြင် ယင်းအချက်အလက်များကို အရန်အဖြစ် သိမ်းဆည်းထားရမည်။ ယင်းစာရင်းများ၏ စာရွက်စာတမ်းများ (Hard Copies) ကို ကုမ္ပဏီ၌ နှစ်အလိုက် ထိန်းသိမ်းထားရှိရမည်ဖြစ်ပြီး ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာနမှ လာရောက်စစ်ဆေးသည့်အခါ တင်ပြရမည်။

**နိုင်ငံပြင်ပတစ်ဆင့်အာမခံထားရှိခြင်း**

၁၂။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီများသည် အောက်ဖော်ပြပါ စံနှုန်းများနှင့်ကိုက်ညီသည့် နိုင်ငံပြင်ပ တစ်ဆင့်အာမခံကုမ္ပဏီများနှင့်သာ တစ်ဆင့်အာမခံထားရှိခြင်းကို ဆောင်ရွက်နိုင်သည်-

(က) လွန်ခဲ့သော (၃) နှစ် တစ်ဆက်တည်း တစ်ဆင့်အာမခံလုပ်ငန်းများ ဆောင်ရွက်ရန် ရုံးစိုက်သည့်နိုင်ငံမှ လိုင်စင်ရရှိထားသော အာမခံကုမ္ပဏီ သို့မဟုတ် တစ်ဆင့်အာမခံကုမ္ပဏီ ဖြစ်ခြင်း၊

(ခ) လွန်ခဲ့သော (၃) နှစ် တစ်ဆက်တည်း မြီရှင်အဆင့်သတ်မှတ်ချက် BBB အဆင့် (Standard & Poor – BBB) သို့မဟုတ် နိုင်ငံတကာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီမှ အလားတူအဆင့် သတ်မှတ်ချက်ရှိခြင်း၊

(ဂ) လွန်ခဲ့သော (၃) နှစ် တစ်ဆက်တည်း ရုံးစိုက်ရာနိုင်ငံ၏ ကြီးကြပ်မှုအာဏာပိုင်မှ သတ်မှတ်ထားသော အနိမ့်ဆုံးကြွေးဆပ်နိုင်စွမ်း သို့မဟုတ် မတည်ငွေလုံလောက်မှု ပြည့်မီခြင်း၊

(ဃ) အာမခံလျော်ကြေးပေးလျော်ခဲ့မှု အခြေအနေများသည် ကျေနပ်ဖွယ်ရာဖြစ်ခြင်း၊

(င) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ သတ်မှတ်ထားသော အခြားလိုအပ်ချက်များနှင့် ပြည့်စုံခြင်း။

၁၃။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် လိုအပ်ပါက နိုင်ငံပြင်ပတစ်ဆင့်အာမခံ ကုမ္ပဏီများအတွက် စံနှုန်းသတ်မှတ်ချက်များအား ဖြေလျော့ခြင်း၊ ပြင်ဆင် ဖြည့်စွက်ခြင်း တို့ကို ဆောင်ရွက်နိုင်သည်။

**တစ်ဆင့်အာမခံထားရှိခြင်း လုပ်ထုံးလုပ်နည်းများ**

၁၄။ အာမခံအလုပ်လက်ခံသူသည် ပြည်တွင်းဆုံးရှုံးနိုင်ခြေရှိမှုများအတွက် တစ်ဆင့်အာမခံ အကာအကွယ်ရယူခြင်းကို အောက်ပါအတိုင်း ဆောင်ရွက်ရမည်-

(က) အာမခံအလုပ်လက်ခံသူသည် ပြည်တွင်း၊ ပြည်ပရှိ တစ်ဆင့်အာမခံကုမ္ပဏီများမှ တစ်ဆင့်အာမခံစည်းကမ်းသတ်မှတ်ချက်များကို ရယူရမည်။

(ခ) အာမခံအလုပ်လက်ခံသူသည် မြီရှင်အဆင့်သတ်မှတ်ချက် (Standard & Poor) ၏ BBB အဆင့်အောက် သို့မဟုတ် နိုင်ငံတကာ မြီရှင်အဆင့်သတ်မှတ်သည့် အေဂျင်စီမှ အလားတူ အဆင့်သတ်မှတ်ချက်အောက်ရှိသော တစ်ဆင့်အာမခံကုမ္ပဏီများ သို့မဟုတ် နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီတွင် တစ်ဆင့်အာမခံထားရှိခြင်း မပြုရ။

(ဂ) အာမခံအလုပ်လက်ခံသူသည် တစ်ဆင့်အာမခံလုပ်ငန်းဆောင်ရွက်ရန် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့မှ လိုင်စင်ရယူထားခြင်းမရှိသည့် မြန်မာနိုင်ငံရှိ မည်သည့် အာမခံကုမ္ပဏီထံမှ တစ်ဆင့်အာမခံအကာအကွယ် ရယူခြင်း မပြုရ။

၁၅။ အာမခံအလုပ်လက်ခံသူသည် တစ်ဆင့်အာမခံရယူရာတွင် အောက်ဖော်ပြပါ ဦးစားပေးအစီအစဉ်အတိုင်း တစ်ဆင့်အာမခံနှုန်းသတ်မှတ်ချက်ကို ကမ်းလှမ်းရမည်-

(က) တစ်ဆင့်အာမခံလုပ်ငန်းဆောင်ရွက်ရန် ခွင့်ပြုချက်ရရှိထားသော နိုင်ငံပိုင်မြန်မာ့ အာမခံလုပ်ငန်း၊

(ခ) အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ လိုင်စင်ရရှိထားသော တစ်ဆင့်အာမခံ ကုမ္ပဏီများနှင့် နိုင်ငံခြားတစ်ဆင့်အာမခံကုမ္ပဏီရုံးခွဲများ၊

(ဂ) အကောင်းဆုံးသော တစ်ဆင့်အာမခံစည်းကမ်းသတ်မှတ်ချက်ကို (the best and lead term) ဦးဆောင်ကမ်းလှမ်းနိုင်သည့် နိုင်ငံပြင်ပ တစ်ဆင့်အာမခံကုမ္ပဏီများ၊

၁၆။ အာမခံအလုပ်လက်ခံသူသည် ဤညွှန်ကြားချက်နှင့်အညီ တစ်ဆင့်အာမခံလုပ်ငန်းအား မိမိကိုယ်တိုင်ဖြစ်စေ၊ တစ်ဆင့်အာမခံ အကျိုးဆောင်မှဖြစ်စေ ဆောင်ရွက်သော်လည်း ၎င်းလုပ်ငန်း အပေါ်တွင် တာဝန်ခံမှု ရှိရမည်။

၁၇။ အပိုဒ် ၁၄၊ ၁၅၊ ၁၆ ပါပြဋ္ဌာန်းချက်များသည် အောက်ပါတို့နှင့် သက်ဆိုင်ခြင်း မရှိစေရ-

(က) စုပေါင်းထည့်ဝင်အာမခံလုပ်ငန်း ဆောင်ရွက်ခြင်း၊

(ခ) လိုင်စင်ရအာမခံကုမ္ပဏီများအကြား အကျိုးတူအချိုးကျ အာမခံအလုပ်လက်ခံ ခြင်း၊

(ဂ) အသက်အာမခံလုပ်ငန်းဆောင်ရွက်သော ပြည်တွင်းအာမခံ ကုမ္ပဏီများသည် နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီများကို ကမ်းလှမ်းခြင်းမပြုမီ ပြည်တွင်းအာမခံ ကုမ္ပဏီများ၊ တစ်ဆင့်အာမခံကုမ္ပဏီများသို့ တစ်ဆင့်အာမခံကမ်းလှမ်းခြင်း၊

**မဖြစ်မနေ အာမခံအလုပ်အပ်နှံခြင်း ကန့်သတ်ချက်**

၁၈။ အသက်အာမခံလုပ်ငန်းမှအပ အာမခံအလုပ်လက်ခံသူသည် ဘဏ္ဍာရေးနှစ် တစ်နှစ်အတွင်း နိုင်ငံပြင်ပတစ်ဆင့် အာမခံကုမ္ပဏီများနှင့် တစ်ဆင့်အာမခံထားရှိခြင်းကို အောက်ပါ ကန့်သတ်ချက်နှင့်အညီ ဆောင်ရွက်ရမည်-

| **နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီ၏ မြီရှင် အဆင့်သတ်မှတ်ချက် (Rating of the CBRs as per Standard & Poor or equivalent)** | **နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီတစ်ခုအတွက် မဖြစ်မနေ အာမခံအလုပ်အပ်နှံခြင်း ကန့်သတ်ချက် (Maximum overall cession limits allowed per CBR)** |
|---|---|
| Greater than A+ | 50 % |
| Greater than BBB+ and up to and including A+ | 40 % |
| BBB & BBB+ | 20 % |

*ရှင်းလင်းချက်။* *အထက်ဖော်ပြပါ ကန့်သတ်ချက် ရာခိုင်နှုန်းများသည် မြန်မာနိုင်ငံပြင်ပ၌ ထားရှိသော တစ်ဆင့်အာမခံပရီမီယံစုစုပေါင်းအပေါ် အခြေခံ၍ တွက်ချက်ရန် ဖြစ်သည်။*

၁၉။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံမှ ကြိုတင်ခွင့်ပြုချက်ရယူခြင်း မရှိဘဲ အထက်ဖော်ပြပါ မဖြစ်မနေ အာမခံအလုပ်အပ်နှံခြင်း ကန့်သတ်ချက်ထက် ကျော်လွန်၍ အာမခံအလုပ် အပ်နှံခြင်း မပြုရ။

၂၀။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီနှင့် တစ်ဆင့်အာမခံကုမ္ပဏီများသည် အာမခံအမျိုး အစားကဏ္ဍအလိုက် မဖြစ်မနေ အာမခံအလုပ်အပ်နှံခြင်းကို မြန်မာ့အာမခံလုပ်ငန်းတွင် အများ ဆုံး ၁၀% အထိ အပ်နှံရမည်။ သို့ရာတွင် မြန်မာ့အာမခံလုပ်ငန်းမှ အဆိုပါ အာမခံအလုပ်အပ်နှံခြင်း ကန့်သတ်ချက်ကို သဘောတူနိုင်သကဲ့သို့ မိမိ၏ ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် တစ်စိတ်တစ်ပိုင်းသာ အကာအကွယ်ရယူ၍ ငြင်းဆိုနိုင်သည်။ မြန်မာ့အာမခံလုပ်ငန်းသည် မိမိထံသို့ အာမခံအလုပ်အပ်နှံ လာမှုအပေါ် လက်ခံနိုင်သည့်

ဆုံးရှုံးနိုင်ခြေတစ်စိတ်တစ်ပိုင်းအား ထိန်းသိမ်းနိုင်ပြီး ကျန်သည့် ဆုံးရှုံးနိုင်ခြေများကို နိုင်ငံပြင်ပတစ်ဆင့်အာမခံကုမ္ပဏီများထံသို့ အာမခံအလုပ်အပ်နှံခြင်း ဆောင်ရွက်နိုင်သည်။

**စုပေါင်းထည့်ဝင်အာမခံလုပ်ငန်း**

၂၁။ စုပေါင်းထည့်ဝင်အာမခံလုပ်ငန်းတစ်ခုအား မြန်မာနိုင်ငံတွင်း ထူထောင်ရန် အာမခံကုမ္ပဏီများသည် အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့ထံသို့ အဆိုပြုလွှာ တင်ပြလျှောက်ထားရ မည်။

၂၂။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည် အဆိုပြုလွှာတွင် ပါဝင်သည့် ရည်ရွယ်ချက်၊ အခြေခံအကြောင်းအရာများ၊ ထည့်ဝင်နိုင်စွမ်း၊ ပေးရန်တာဝန်ကန့်သတ်ချက်များ၊ စည်းကမ်းသတ်မှတ် ချက်များကို စိစစ်သုံးသပ်ပြီးပါက မြန်မာနိုင်ငံတွင်း စုပေါင်းထည့်ဝင်အာမခံလုပ်ငန်းတစ်ရပ်ကို ထူထောင်ခွင့်ပြုနိုင်သည်။

၂၃။ စုပေါင်းထည့်ဝင်အာမခံလုပ်ငန်း၏ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံစည်းမျဉ်းများ သတ်မှတ်ခြင်းနှင့် အုပ်ချုပ်ရေးမှူးများ ရွေးချယ်ခြင်းတို့ကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ ညွှန်ကြားချက် ဖြင့် ဆောင်ရွက်ရမည်။

၂၄။ စုပေါင်းထည့်ဝင်အာမခံလုပ်ငန်း၏ အုပ်ချုပ်မှုဒါရိုက်တာသည် လုပ်ငန်းမှ ရငွေသုံးငွေများနှင့်စပ်လျဉ်းသည့် စာရင်းမှတ်တမ်း အထောက်အထားများ၊ တစ်ဆင့်အာမခံ အစီအစဉ်၏ အသေး စိတ်အချက်အလက်များနှင့် လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းများကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့က အခါအားလျော်စွာ ပြဌာန်းမည့် ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ တင်ပြရမည်။

**အစီရင်ခံတင်ပြခြင်း**

၂၅။ မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီများသည် တစ်ဆင့်အာမခံနှင့်သက်ဆိုင်သော သတင်းအချက်အလက်များကို အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သို့ နှစ်စဉ်သတ်မှတ်သည့် ပုံစံဖြင့်တင်ပြ ရမည်။

**အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့၏ လုပ်ပိုင်ခွင့်များ**

၂၆။ အာမခံလုပ်ငန်းကြီးကြပ်ရေးအဖွဲ့သည်-

(က) တစ်ဆင့်အာမခံနှင့်သက်ဆိုင်သည့်ကိစ္စရပ်များအတွက် လိုအပ်သည့် သတင်းအချက်အလက်(သို့) ရှင်းလင်းချက်များ ထပ်မံတောင်းခံနိုင်ပြီး တင်ပြထားသော တစ်ဆင့်အာမခံ အစီအစဉ်ကို ပြင်ဆင်ရန် ညွှန်ကြားနိုင်သည်။

(ခ ) အာမခံကုမ္ပဏီများ၏ တစ်ဆင့်အာမခံအစီအစဉ်ရှိ အောက်ဖော်ပြပါ အချက်များနှင့်ပတ်သက်၍ လမ်းညွှန်းချက်ကို ထုတ်ပြန်နိုင်သည်-

(၁) အပေါင်ပစ္စည်း၊ ဆုံးရှုံးနိုင်ခြေရှိမှုအတွက် စရိတ်စကများ၊

(၂) နိုင်ငံပြင်ပ တစ်ဆင့်အာမခံကုမ္ပဏီနှင့် ယင်းမှ အာမခံအလုပ်လက်ခံခြင်း ကန့်သတ်ချက်ရာခိုင်နှုန်း။

၂၇။ ဤညွှန်ကြားချက်ပါ ပြဋ္ဌာန်းချက်များကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်သည့် မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ၊ တစ်ဆင့်အာမခံကုမ္ပဏီ၊ နိုင်ငံခြားတစ်ဆင့် အာမခံကုမ္ပဏီ ရုံးခွဲ၊ တစ်ဆင့်အာမခံအကျိုးဆောင်တို့သည် အာမခံလုပ်ငန်းလုပ်ကိုင်ခွင့်ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အရေးယူခြင်းခံရမည်။

၂၈။ ဤညွှန်ကြားချက်ပါ ပြဋ္ဌာန်းချက်များကို မြန်မာနိုင်ငံရှိ အာမခံကုမ္ပဏီ၊ တစ်ဆင့် အာမခံကုမ္ပဏီ၊ နိုင်ငံခြားတစ်ဆင့် အာမခံကုမ္ပဏီရုံးခွဲ၊ တစ်ဆင့်အာမခံအကျိုးဆောင်တို့မှ အပြည့် အဝလိုက်နာနိုင်ရေးအတွက် လိုအပ်သည်များပြင်ဆင်ဆောင်ရွက်နိုင်စေရန်အလို့ငှာ ဤညွှန်ကြား ချက်သည် ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ ၁ ရက်မှ စတင်အကျိုး သက်ရောက်မှုရှိစေရမည်။

(မောင်မောင်ဝင်း)
ဥက္ကဋ္ဌ

အမိန့်အရ

(ဇော်နိုင်)
အတွင်းရေးမှူး